ဧကန်အမှန်အသင်တို့အနက် တစ်ဦးတစ်ယောက်သည်မိခင်၏

ဝမ်းဗိုက်ထဲ၌ ပေါင်းစည်းခံရပြီးနောက်စတင်သန္ဓေတည်သည့်အခါတွင်‘နုသ်ဖဟ်’ကာလရည်ကြည်အဖြစ်ရက်ပေါင်း(၄၀)ကြာမြင့်သည်။

အဗူအဗ်ဒိရ်ရဟ်မာန် အဗ်ဒုလ္လာဟ်ဗင်န်မတ်စ်အူဒ်(ရဿွိယလ္လာဟုအန်ဟု)က
ဆင့်ပြန်ခဲ့သည်။၎င်းကပြောသည်မှာ ကျွန်တော်တို့အား အလ္လာဟ်အရှင်မြတ်၏ရစူလ်တမန်တော်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က မိန့်ကြားတော်မူခဲ့သည်။
ထိုတမန်တော်သည် မှန်ကန်သူ၊ မှန်ကန်သည်ဟုထောက်ခံခြင်းခံရသူဖြစ်သည်။
ကိုယ်တော်ကမိန့်ကြားတော်မူသည်။ " ဧကန်အမှန်အသင်တို့အနက် တစ်ဦးတစ်ယောက်သည်မိခင်၏ဝမ်းဗိုက်ထဲ၌ ပေါင်းစည်းခံရပြီးနောက်စတင်သန္ဓေတည်သည့်အခါတွင်‘နုသ်ဖဟ်’ကာလရည်ကြည်အဖြစ်ရက်
ပေါင်း(၄၀)ကြာမြင့်သည်။ထို့နောက်သွေးခဲအဖြစ် အလားတူကာလ(ရက်ပေါင်း
လေးဆယ်)ရှိနေသည်။ထို့နောက် အသားတုံးအဖြစ် အလားတူကာလ (ရက်ပေါင်း လေးဆယ်)ရှိနေသည်။ထို့နောက် အလ္လာဟ်အရှင်မြတ်သည် ကောင်းကင်တမန်တစ်ပါးကို စေလွှတ်တော်မူပြီး
ထိုကောင်းကင်တမန်သည် ၎င်းထဲသို့ဝိညာဉ်မှုတ်သွင်းလိုက်သည်။ ထို့နောက် ၎င်းသည်ထိုသူ၏ရိက္ခာ၊ ထိုသူ၏သက်တမ်း၊ ထိုသူ၏ကျင့်ဆောင်မှုနှင့် ထိုသူသည်လူဆိုးဖြစ်မည်သို့မဟုတ် လူကောင်းဖြစ်မည် စသည့်အချက်(၄)ချက်ကို (ရေးမှတ်ရန်)အမိန့်ပေးခြင်းခံရသည်။ တစ်ပါးတည်းသောကိုးကွယ်ခြင်းခံထိုက်တော်မူသောအရှင် အလ္လာဟ်အရှင်မြတ်အား တိုင်တည်၍ပြောပါသည်။ဧကန်အမှန်ပင် အသင်တို့အနက် ပုဂ္ဂိုလ်တစ်ဦးသည် ဂျန္နသ်သုခဘုံသားတို့၏ (ကောင်းမြတ်သည့်) လုပ်ရပ်များကို ဆောင်ရွက်ရင်း ၎င်းနှင့် သုခဘုံ၏အကြား
တစ်တောင်မျှသာလိုတော့သည်။ သို့သော် ၎င်းအပေါ်ရေးမှတ်ထားသည့် သက္ကဒီရ်
သတ်မှတ်ချက်သည် ရှေ့ကိုရောက်ပြီးဖြစ်သောကြောင့် ၎င်းသည်ငရဲဘုံသားတို့၏
လုပ်ရပ်အား လုပ်ဆောင်လိုက်သည်။ ထို့ကြောင့် ၎င်းသည် ငရဲဘုံသို့ဝင်ရောက်ရသည်။
ထို့အပြင်ပုဂ္ဂိုလ်တစ်ဦးသည် ငရဲဘုံသားတို့၏ (မကောင်းသည့်) လုပ်ရပ်များအား
လုပ်ဆောင်ကာ ၎င်းနှင့်ငရဲဘုံကြား၌ တစ်တောင်မျှသာလိုတော့သည်။ ထိုအချိန် သက္ကဒီရ်
သတ်မှတ်ချက်သည် ရှေ့ကိုရောက်ပြီးဖြစ်သည့်အတွက် ၎င်းသည်သုခဘုံသားတို့၏
အမလ်ကောင်းမှုကို ဆောင်ရွက်လိုက်ပြီး ဂျန္နသ်သုခဘုံကို ဝင်ရောက်ရသည်"။
[صحيح] [رواه البخاري ومسلم]

အိဗ်နုမတ်စ်အူဒ်(ရဿွိယလ္လာဟုအန်ဟု)ကပြောပြခဲ့သည်မှာ ကျွန်တော်တို့အားအလ္လာဟ်အရှင်မြတ်၏ရစူလ်တမန်တော်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က
မိန့်ကြားတော်မူခဲ့သည်။ ထိုတမန်တော်မြတ်သည် စကားပြောဆိုရာတွင် မှန်ကန်သူဖြစ်ပြီး၊အလ္လာဟ်အရှင်မြတ်က ထောက်ခံထားသဖြင့် ကိုယ်တော်သည် ထောက်ခံခြင်းခံရသူလည်းဖြစ်သည်။ကိုယ်တော်ကမိန့်ကြားတော်မူသည့် "အသင်တို့အနက် တစ်ဦးတစ်ယောက်သည် မိခင်၏ဝမ်းဗိုက်ထဲ၌ပေါင်းစည်းခံရသည်"ဆိုသည်မှာ အမျိုးသားသည်မိမိ၏ ဇနီးနှင့် ပေါင်းသင်းပြီးနောက်သီးခြားရှိနေသော မနီသုက်ရည်သည်ပေါင်းစည်းသွားခြင်းဖြစ်ပြီး ၎င်းသည်အမျိုးသမီးထဲတွင် ရက်(၄၀) ကလလရည်ကြည်အဖြစ် သန္ဓေတည်နေသည်။ ထို့နောက်

http://www.sunnah.global/hadeeth/my/show/66513